
# မြန်မာ့ရိုးရာ
# ချစ်စဖွယ်ပုံပြင်များ

mgyoe.com

ဦးအောင်သိမ်းမြတ်



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ဦးအောင်သိမ်းမြတ်

# မြန်မာ့ရိုးရာ ချစ်စဖွယ်ပုံပြင်များ



ISBN9789997113078
SPK24
9 789997 113078
2,200.00KS

mgyoe.com

မြန်မာ့ရိုးရာချစ်စဖွယ်ပုံပြင်များ၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၂၀၈++ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဂိုလမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ဘဝတက္ကသိုလ်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မြန်မာ့ရိုးရာ ချစ်စဖွယ်ပုံပြင်များ

ဦးအောင်သိမ်းမြတ်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


စာဦး အမှာ —က—

♦ ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား ၁

– လာစမ်းပါဟဲ့ ယုန်ပျင်းရဲ့ ၂

– နွားချေးခြောက်နှင့် သလဲ ၃

– ရွှေနွားနှင့် ရွှေကျွဲကြီးကြောင့် ၅

– ထပ်ပြန်တလဲလဲ နံ့ပုံ ၈

– လည်လွန်းသော ဘီး သစ်ငုတ်နှင့် တွေ့သည် ၁၂

– (သံတူကြောင်းကွဲ ရွှေယုန်) ၁၄

♦ ကောင်းသောဉာဏ်ကြွယ် ယုန်သူငယ် ၁၇

– မာနကိုယ်စီ စွဲလျက် ၁၇

– ပညာရှိကို မှီဝဲခြင်း ၂၁

– သစ္စာဖောက်၍ အမြီးပြတ် ၂၄

♦ ဖားမကလေး နှစ်ကောင် ၂၇

– ဖားမနှင့် ဘီလူးမကြီး ၂၇

– ရှန့်ရိုင်းသော ဖားမကလေး ၃၂

– မစူးစမ်း မလေ့လာဘဲ ၃၅


mgyoe.com

mgyoe.com


♦ မတရားကောင်ကြီး ၃၈
– ဟဲ့ ငါ့ကို နမ်းစမ်း မောင်မင်း ၃၈
– မတရား သကော်သကမ်မဲ့ ၄၀
♦ နိုင့်ထက်စီးနင်း အကောင်ကြီး ၄၃
– ခေါင်းပေါ် လက်တင်ပြီး ပေါင်းသူ ၄၃
– (သံတူကြောင်းကွဲ တစ်ပုဒ်) ၄၆
♦ ကျားသား မစားရ၍ တဆူဆူ ၄၉
♦ ကောက်သောအရာများ ချိတ်မိလေ့ရှိသည် ၅၃
– သမီးမယ်ထွေး ဈေးသင်ဖို့ ၅၃
– လှ၍ လှ၍ လာသည့် မယ်ထွေးလေး ၅၈
– လှနေဦးဟဲ့ အငြိုးဖြင့် ၆၂
– မယ်ထွေးလေး စိုက်သည့် ရွှေပင် ၆၅
– ရန်သူအား ယုံကြည်မိ၍ ၇၀
– ဗျိုင်းမကလေး မယ်ထွေး ၇၃
– ဘတိယ ဘဝ၌ ဥသျှစ်မယ် ၇၈
– မီးနေသည်ပြောသော ပုံပြင် ၈၂
– အိမ်ရှေ့မင်း၏ လက်ဆောင်တော် ၈၅
♦ အပြောကောင်းခြင်း၏ နောက်ဝယ် ၈၈
♦ စောင်းတီးသင်သူ နှစ်ယောက် ၉၁
♦ ငန်းတော်မြွေ၏ လွမ်းပုံပြင် ၉၄
– သမီးကို သဖန်းသီးနှင့် လဲခြင်း ၉၄
– လူစကား နားလည်သော မြွေ ၉၈
– တောက်တီး တောက်တဲ့ ရေရွှတ်ခြင်း ၁၀၂
– ကုန်ရောင်းထွက်သော ငန်းတော်မြွေ ၁၀၆


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုအနုပညာ

၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊

ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၅၄၈၂၀၈

mgyoe.com

mgyoe.com

မြန်မာ့ရိုးရာချစ်စဖွယ်ပုံပြင်များ၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၂၀၈++ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၀၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ဘဝတက္ကသိုလ်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့ရိုးရာ
# ချစ်စဖွယ်ပုံပြင်များ

## ဦးအောင်သိမ်းမြတ်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | စာဦး အမှာ | -က- |
| ♦ | ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား | ၁ |
| – | လာစမ်းပါဟဲ့ ယုန်ပျင်းရဲ့ | ၂ |
| – | နွားချေးခြောက်နှင့် သလဲ | ၃ |
| – | ရွှေနွားနှင့် ရွှေကျွဲကြီးကြောင့် | ၅ |
| – | ထပ်ပြန်တလဲလဲ နံ့ပုံ | ၈ |
| – | လည်လွန်းသော ဘီး သစ်ငုတ်နှင့် တွေ့သည် | ၁၂ |
| – | (သံတူကြောင်းကွဲ ရွှေယုန်) | ၁၄ |
| ♦ | ကောင်းသောဉာဏ်ကြွယ် ယုန်သူငယ် | ၁၇ |
| – | မာနကိုယ်စီ စွဲလျက် | ၁၇ |
| – | ပညာရှိကို မှီဝဲခြင်း | ၂၁ |
| – | သစ္စာဖောက်၍ အမြီးပြတ် | ၂၄ |
| ♦ | ဖားမကလေး နှစ်ကောင် | ၂၇ |
| – | ဖားမနှင့် ဘီလူးမကြီး | ၂၇ |
| – | ရှုန့်ရိုင်းသော ဖားမကလေး | ၃၂ |
| – | မရှူးစမ်း မလေ့လာဘဲ | ၃၅ |


mgyoe.com

mgyoe.com


♦ မတရားကောင်ကြီး ၃၈
– ဟဲ့ ငါ့ကို နှမ်းစမ်း မောင်မင်း ၃၈
– မတရား သက်သက်မဲ့ ၄၀
♦ နိုင့်ထက်စီးနင်း အကောင်ကြီး ၄၃
– ခေါင်းပေါ် လက်တင်ပြီး ပေါင်းသူ ၄၃
– (သံတူကြောင်းကွဲ တစ်ပုဒ်) ၄၆
♦ ကျားသား မစားရ၍ တဆူဆူ ၄၉
♦ ကောက်သောအရာများ ချိတ်မိလေ့ရှိသည် ၅၃
– သမီးမယ်ထွေး ဈေးသင်ဖို့ ၅၃
– လှ၍ လှ၍ လာသည့် မယ်ထွေးလေး ၅၈
– လှနေဦးဟဲ့ အငြိုးဖြင့် ၆၂
– မယ်ထွေးလေး စိုက်သည့် ရွှေပင် ၆၅
– ရန်သူအား ယုံကြည်မိ၍ ၇၀
– ဇျိုင်းမကလေး မယ်ထွေး ၇၃
– ဘတိယ ဘဝ၌ ဥသျှစ်မယ် ၇၈
– မီးနေသည်ပြောသော ပုံပြင် ၈၂
– အိမ်ရှေ့မင်း၏ လက်ဆောင်တော် ၈၅
♦ အပြောကောင်းခြင်း၏ နောက်ဝယ် ၈၈
♦ စောင်းတီးသင်သူ နှစ်ယောက် ၉၁
♦ ငန်းတော်မြွေ၏ လွှမ်းပုံပြင် ၉၄
– သမီးကို သဖန်းသီးနှင့် လဲခြင်း ၉၄
– လူစကား နားလည်သော မြွေ ၉၈
– တောက်တီး တောက်တဲ့ ရေရွတ်ခြင်း ၁၀၂
– ကုန်ရောင်းထွက်သော ငန်းတော်မြွေ ၁၀၆


mgyoe.com

mgyoe.com


တစ်ဖက်ရွာသို့ မသွားတော့ဘဲ အိမ်သို့ သွက်သွက်လှမ်းလာခဲ့လေ၏။

ရွာအဝင်တံခါးသို့ ရောက်ပြီ။

ဈေးသည်၏ ဈေးတောင်းသည် ခေါင်းပေါ်မှ စောင်းကျ၏။

ဈေးသည်မှာ နွယ်ဖြင့် ငြိသလော၊ သစ်ကိုင်းနှင့် ထိုးမိသလော ကြည့်မိ၏။ ဈေးတောင်း တစ်ဖက်စောင်းပြီး ကျစရာမရှိ။

မည်သည့်အတွက်ကျပါလိမ့်ဟု စဉ်းစားရင်း ဈေးတောင်းကို လိုက်ကောက်သည်။ ငွေကြေးနှင့် လက်ကျန်ပစ္စည်းများကို လိုက်လံစုဆောင်းသည်။ ငွေကြေးများ စုံစေ့စွာရ၏။ မြေပဲနှင့် စိမ်းစားဥ၊ ငှက်ပျောသီးတို့မှာမူ အခွံဖြစ်နေပြီ။ ယုန်လည်း မရှိတော့။

"လက်စသတ်တော့ ယုန်က ငါ့ဟာတွေ စားလို့အကုန်မှာ ဆင်းပြေးလို့ ဈေးဗန်း တစ်ဖက်စောင်းပြီး မှောက်တာပါကလား၊ ကေန္တ ယုန်ချင်း ကိုက်ရာက မေ့မျောနေတုန်း ငါကောက်လာမိတာ ထင်တယ်"

ရွှေယုန်မှာကား ကိုးတောင်ကျားကြီးကို သတ်ရုံမက လူကိုပါ လှည့်စားနိုင်သဖြင့် အလွန်ဝမ်းသာနေ၏။ သို့ဖြင့် နောက် သုံးလေးရက်အကြာတွင် အထက်ပါဈေးသည် လာမည့်လမ်းတွင် လှဲနေ၏။

သည်အခါတွင်ကား ဈေးသည်က စေ့စေ့စပ်စပ်ကြည့်၏။ နားရွက်ဖျားနှစ်ဖက် အနီ၊ ဝမ်းဗိုက် အဖြူထဲတွင် အနီစက်ကလေး သုံးခု။

ထို့နောက် နမ်းကြည့်ပြန်သည်။

ရွှေယုန်သည် အသက်အောင့်ထားရာက လေလည်ချလိုက်သည်။

"အင်း ပုပ်စတောင် ပြုနေပါပြီကော၊ မဖြစ်ဘူး၊ မြန်မြန်ပြန်မှ"

သည်အချိန်တွင်လည်း ဈေးသည်သည် အိမ်သို့ ပြေး၏။

ရွှေယုန်ကလည်း ရွာအဝင်တွင် ခုန်ချပြေး၏။

ရွှေကျားကြီးကဲ့သို့သော တိရစ္ဆာန်များသာမဟုတ်၊ လူသားများကိုလည်း သူ လှည့်ပတ်နိုင်ပါကလားဟု ရွှေယုန်ထင်သည်။ အလွန်

mgyoe.com

mgyoe.com


ဝမ်းသာသည်။

သို့အတွက် နောက် သုံးလေးရက်အကြာတွင် ဈေးသည်မ အလာကို စောင့်ပြီး လှည်းလမ်းကြောင်းထဲ၌ လှဲခွေနေ၏။

"ဟော ယုန်ကလေးတစ်ကောင်ဟဲ့"

ခြေသံနီးလာသဖြင့် ရွှေယုန် အသက်အောင့်ထား၏။

ဈေးသည်သည် ရွှေယုန်ကို မကောက်သေး။ ခြေဖြင့်ထိုးပြီး ပက်လက်လှန်၏။ ဝမ်းဗိုက်အဖြူထဲ၌ အနီစက်ကလေး သုံးခု။ ထို့နောက် နောက်ခြေနှစ်ချောင်းကို စုကိုင်၏။ နားရွက်များကို စစ်ဆေး၏။ နားရွက်များ နှစ်ဖက်စလုံး နီနေသည်။

"လက်စသတ်တော့ ငါ့ကို နှစ်ကြိမ်တိတိ နှိပ်စက်တဲ့ ယုန်နပ်ပါကလား"

ပြောပြောဆိုဆို သစ်ငုတ်တိုတွင် တအားလွှဲ၍ လွှဲ၍ ရိုက်လေ၏။

ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီတော့မှ အရိုက်ရပ်ရာ နောက်နောင်တွင် မည်သူ့ကိုမျှ ရွှေယုန် ဒုက္ခမပေးနိုင်တော့ပြီ။

## (သံတူကြောင်းကွဲ ရွှေယုန်)

ပုံပြင်(ရှေးစကား)များတွင် 'ရွှေယုန်နှင့် ရွှေကျား' သည် များစွာ ရှေးကျ၏။ ရှေးကျသည့်အတွက် မူကွဲများ များစွာရှိနိုင်သည်။

ယခု သိမ်းဆည်းရသမျှထဲမှ မူကွဲတစ်ခုကို ထုတ်နုတ်ပြပါရစေ။

မူကွဲတွင် ရွှေကျားကို ရွှေယုန်နှိပ်စက်ပုံများ ထပ်တူထပ်မျှ တူညီသည်။ ဈေးသည်အား လှည့်စားပုံလည်း တူညီသည်သာ။

သို့သော် ရွှေယုန်အား သတ်သူမှာ ဈေးသည်မဟုတ်။

မဟုတ်ပုံမှာ ဤသို့ဖြစ်၏။

mgyoe.com

mgyoe.com


ရွှေကျားမှာ သစ်ခေါင်းထဲမှ ပျားတုပ်၊ သစ်ခေါင်း အစအနများ အထိုးခံရသဖြင့် နာကျင်စွာ အော်ဟစ်ပြေးလွှားသည်။ ထိုအခါတွင် ရွှေယုန်သည် ချုံထဲမှ အသံဖျက်ပြီး အော်သည်။

"တို့ဘိုး တို့ဘွားများက မှာခဲ့တယ်၊ မီးလောင်နာ ပေါက်ပြဲရင် ရေတွင်းထဲကို ခုန်ချရသတဲ့"

စဉ်းစားဉာဏ် အသိဉာဏ် ချို့တဲ့ရှာသော ရွှေကျားခမျာမှာ မည်သို့မျှ နှိုင်းချိန်တွေးတောမနေတော့ဘဲ ရွာအနီးရှိ ရေတွင်းထဲသို့ သွေးရှူး သွေးတန်း ခုန်ချလိုက်လေ၏။

ထိုအချိန်သည် ရွာထဲ၌ နတ်ကနားပွဲ ကျင်းပနေချိန် ဖြစ်သည်။

ကနားပွဲတွင် လူစည်ကားနေသည်။

ရွှေယုန်သည် ထိုနေရာသို့ ပြေးသွားသည်။

"လာကြပါဦးဗျို့၊ ရေတွင်းထဲမှာ ကျားကြီးတစ်ကောင် ကျနေတယ်"

"ကျား ဆိုပါကလား"

အလန့်တကြား ထပြေးသူ ပြေးသည်။

"သွားကြည့်ကြရအောင်ဟေ့"

ဆိုကာ ရေတွင်းသို့ သွားသူ သွားသည်။ လူများဖြင့် ပြည့်နေခဲ့သော မဏ္ဍပ်တွင်း၌ လူများ မကျန်ခဲ့ပေ။ နတ်ရတ်များနှင့် မုန့်ဖြူ၊ မုန့်နီ၊ အုန်းသီး၊ ငှက်ပျောသီး၊ အရက်အိုးများသာ ကျန်ခဲ့သည်။

ရွှေယုန်အတွက် ပွဲတော်ကြီးပါပေ။

သူသည် မုန့်တွေ စားလိုက်၊ အရက်တွေ သောက်လိုက်၊ ငှက်ပျော သီးတွေ စားလိုက်၊ အရက်သောက်လိုက်ဖြင့် မြူးထူးနေလေ၏။

တဖြည်းဖြည်းနှင့် ရွှေယုန်မှာ သေရည် ယစ်ဝလာ၏။

လူများလည်း တဖြည်းဖြည်း ပြန်လာကြရာ သေရည်မူးနေသော ရွှေယုန်မှာ ပြေးပေါက်ပိတ်နေလေ၏။

mgyoe.com

mgyoe.com

ရွှေယုန် ကြံရာမရဖြစ်နေစဉ် သူ့ကို သေသောက်ကြူးတစ်ယောက်က မြင်၏။

"သေရည်နှင့်မြည်းဖို့ ယုန်တစ်ကောင် ရောက်နေတယ်ဟေ့၊ အခန့်သင့်လိုက်လေကွယ်"

ဤနည်းဖြင့် သူတစ်ပါးအား အထပ်ထပ် အလီလီ မကောင်းကျိုးပေးခဲ့သည့် ရွှေယုန်မှာ လူများ၏လက်ချက်ဖြင့် ဇာတ်သိမ်းသွားလေ၏။

ဝ

mgyoe.com

mgyoe.com

# ကောင်းသောဉာဏ်ကြွယ် ယုန်သူငယ်

## မာနကိုယ်စီ စွဲလျက်

မြန်မာတို့၏ ပုံပြင်များတွင် သက်ငယ်ရိတ်သွားသော ရွှေယုန်က လွဲလျှင် ပညာရှိယုန် ယုန်ကောင်းများသာ အပါများသည်။

ယခုဖော်ပြမည့်ယုန်မှာ အထက်ပါယုန်နှင့်များစွာ ခြားနားသော သူတစ်ပါးအား ကူညီသော ယုန်ပညာရှိ ယုန်ကောင်းဖြစ်သည်။

ရှေးလွန်လေပြီးသောအခါ၏ နေ့တစ်နေ့တွင် ဖြစ်သည်။

ကျားတစ်ကောင်နှင့် ဆင်တစ်ကောင်တို့သည် တောလမ်းခရီး တစ်ခုတွင် မျက်နှာချင်းဆိုင် တွေ့ကြလေသည်။

"သည်တောထဲမှာ အင်အားအကြီးဆုံးဖြစ်တဲ့ ငါသွားမယ့်ခရီးမှာ ပိတ်ဆီးနေတာ ဘယ်သူတုံးဟေ့၊ လမ်းဖယ်ပေးစမ်း"

ဆင်က မောက်မောက်မာမာပြောသောအခါ ကျားကလည်း ခက် ထန်စွာ တုံ့ပြန်ပြောဆိုသည်။


"ကျားဟေ့၊ တောဘုရင် ကျားမင်းဆိုတာကိုမှ မကြားဖူးဘူးဆိုရင် အလွန်မိုက်မဲသူပဲ"

"ဒါတွေထားပါ၊ အခုလောလောဆယ် မင်းလုပ်ရမှာက ငါ့ကို လမ်းဖယ်ပေးဖို့ပဲ၊ ကဲ ဖယ် ... ဖယ်"

"ရယ်စရာပါကလားကွယ်၊ ငါ့ကို လမ်းဖယ်ပေးရမှာက မင်းကွ၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


အကောင်ကြီးပြီး အချိန်မစီးတဲ့ ဆင်"

ဆင်သည် များစွာ စိတ်ဆိုး၏။ သစ်ကိုင်းတစ်ကိုင်း ချိုးပြီး ငမိုက်သားကျားကို ရိုက်နှက်ဆုံးမလိုသည်။ သို့ရာတွင် ကျားကလည်း ဦးကင်းပေါ် ခုန်အုပ်ရန် အမြီးတလှုပ်လှုပ်ဖြင့် မြေမှာဝပ်လျက် အားယူနေသည်။

သို့အတွက် ဆင်သည် ဒေါသကို ချုပ်တည်းသည်။

"ကောင်းပြီလေ ... မင်းကလည်း မင်းကိုယ်မင်း တောဘုရင်တဲ့၊ သည်တော့ ဘယ်သူဘုရင်ဆိုတာ သိရအောင် အစွမ်းပြိုင်မလား"

"ကောင်းတယ်၊ စိန်လိုက်"

ဆင်သည် အစွမ်းပြိုင်ရန် နည်းလမ်းကို ကြံဆရင်း ဟိုဟိုသည်သည် ကြည့်သည်။ တစ်ခေါ်ခန့်အကွာတွင် လက်ပံပင်တစ်ပင်ကိုမြင်၏။ လက်ပံပွင့်များလည်း ပင်လုံးကျွတ်ပွင့်နေသည်။ သည်အပွင့်များကို အကြောင်းပြုပြီး ဆက်ရက်များ ရောက်ရှိနေရာ သောသောညံလျက်ရှိသည်။

"ဟောဟို လက်ပံပင်ပေါ်က ဆက်ရက်တွေ အဆူရပ်သွားအောင် သို့မဟုတ် ထွက်ပြေးအောင် မလုပ်နိုင်သူ အရှုံး၊ လုပ်နိုင်သူ အနိုင်"

"ကောင်းတယ်၊ ကြိုက်တယ်"

ကျားသည် လျင်မြန်စွာ သဘောတူပြီးမှ ...

"ကြေးကလေး ထည့်ရရင် ပိုပြီးမကောင်းဘူးလား"

မေးသည်။

"ကြေး ... ဘာကြေးတုံး၊ ရှင်းအောင် ပြောပါကွ"

"ဆက်ရက်တွေ ပြေးအောင် သို့မဟုတ် တိတ်သွားအောင် လုပ်နိုင်သူက နိုင်တယ်၊ နိုင်တဲ့သူက ရှုံးတဲ့သူရဲ့ ဦးနှောက်ကို ဖောက်စားစတမ်း"

"ကောင်းတယ်၊ ကောင်းတယ်"

ထို့နောက် ဆင်နှင့် ကျားသည် တစ်ခေါ်အကွာအဝေးရှိ လက်ပံ

mgyoe.com

mgyoe.com


ပင်သို့ လာခဲ့ကြသည်။ လက်ပံပင်ခြေရင်းသို့ ရောက်လျှင်ရောက်ချင်း ဆင်သည် လက်ပံပင်ကို အစွယ်ဖြင့်ပြေးဆောင့်၏။ ကြီးမားသော ပင်စည်ကြီးမှာ လုံးဝမလှုပ်ရှား။ မလှုပ်သည့်အတွက် ဆင်သည် နှာမောင်းကိုမြှောက်လျက် တအားအော်လိုက်တော့သည်။

ဆက်ရက်များ အသံတိတ်ရန် ဝေးစွ၊ ထပျံပြေးရန် မဆိုထားဘိ၊ သူ့အသံမှာ ဆက်ရက်များ၏ ဆူညံသံကိုပင် မဖောက်ထွင်းနိုင်ပါ။

"ကဲ တော်ပြီလား၊ အော်ဦးမလား"

ကျားက မေးသဖြင့် ဆင် ထပ်မံ ကြိုးစား၏။ မောရုံသာ ရှိ၏။ မထူးခြား။

"ငါ လက်လျှော့ပြီဟေ့၊ မင်း အလှည့်"

ဆင်သည် သူ့အော်သံကို အထင်ကြီးခဲ့သည်။

လက်တွေ့တွင် အရာမရောက်ကြောင်း ယခုမှ သိသဖြင့် သစ်ပင်ရင်းမှ ခွာခဲ့သည်။

ကျားကား သစ်ပင်ရိပ်မှ ခွာသည်။ ရန်သူကို ခုန်အုပ်မည့်ပုံဖြင့် အမြီးတယမ်းယမ်းလှုပ်ခါလျက် သံကုန်အော်ပြီး ခုန်၏။ ဝေါခနဲ ဆက်ရက်အုပ်ကြီး လန့်ဖျပ်ပျံပြေးကြလေတော့၏။

ကျွက်ကျွက်ညံနေခဲ့သော လက်ပံပင်ကြီးမှာ တစ်ခဏအတွင်း တိတ်ဆိတ်နေလေ၏။

"ဘယ့်နှယ်တုံးဟေ့ မောင်ဆင်"

ကျားက အထက်စီးလေသံဖြင့် မေးသည်။

"ငါ ရှုံးတယ်၊ မင်းနိုင်တဲ့အတွက် ငါ့ကို စားပေတော့၊ ဒါပေမဲ့ ငါ မသေခင်မှာ သားမယား၊ မိဘများကို မှာစရာရှိတာ မှာခဲ့ချင်သေးသကွာ၊ မင်း လိုက်လျောနိုင်မယ် ဆိုရင်တော့ ခုနစ်ရက် ခွင့်ပေးပါ"

"ခုနစ်ရက်စေ့ရင် မင်း ပြန်လာမှာလား"

mgyoe.com

mgyoe.com


"ရှစ်ရက်မြောက် မနက်ကျရင် သည်နေရာမှာ ရောက်နေရပါစေ့မယ်"

"ကောင်းပြီ ... ငါခွင့်ပေးတယ်၊ သွား"

## ပညာရှိကို မှိုင်ခြင်း

ရွှေယုန်သည် မြက်နုကလေးများကို မြိန်ရေရှက်ရေ စားနေ၏။ သူတို့နှယ် အကောင်ငယ်ကလေးများမှာ အသားစားသတ္တဝါမှန်သမျှကို ကြောက်ရွံ့ရသည်။ စိမ်ပြေနပြေ မစားရဲ။ ကျီးကန်းတောင်းမှောက် မျက်လုံးကစားရသည်။

ကိုရွှေယုန်၏ မြင်ကွင်းထဲသို့ ဆင်ကြီးတစ်ကောင် ဝင်လာသည်။ ယုန်သည် စူးစိုက်ကြည့်၏။ သူ့မိတ်ဆွေ ဆင်ကြီးပါတကား။ သို့ရာတွင် မိတ်ဆွေဆင်ကြီးမှာ ခါတိုင်းနှင့်မတူချေ။

အခါတိုင်းဆိုလျှင် ထိုဆင်ကြီးသည် မြူးထူးရွှင်ပျ၏။ သူငယ်ချင်း ယုန်ကို မြင်လျှင် မြက်ပင်များနုတ်ပြီး ပစ်ပေး၏။ မြက်ဖုတ်များနုတ်ကာ တဖန်းဖန်းမြည်အောင် လက်ကိုရိုက်ပြီး စား၏။ သစ်ကိုင်းတွေချိုးသည်။ ဖွေ့ယမ်းသည်။ ယခုမြင်ရသော ဆင်မှာမူ နားရွက်ကြီးပေလျက် ညှိုးငယ်လှချေသည်။

"ဟေ့ ကိုဆင်၊ နေကောင်းရဲ့လား၊ ကျုပ် မျက်စိထဲမှာတော့ ခင်ဗျားကို ကြည့်ရတာ နာဖျားမကျန်း ဖြစ်နေပုံပဲ"

အနီးသို့ အရောက်တွင် ယုန်က အော်ပြောသည်။

"စောစောကတော့ ကျန်းမာပါရဲ့ကွာ၊ အခုတော့ မကျန်းမာတော့ဘူးဟ"

"စကား အဆန်းပါကလား၊ ဘာဖြစ်လို့တုံး"

"ကျားတစ်ကောင်နဲ့တွေ့လို့ အစွမ်းပြိုင်ကြရာမှာ ငါ ရှုံးတဲ့အတွက်

mgyoe.com

mgyoe.com


ခုနစ်ရက်စေ့တဲ့နေ့မှာ ကျားစားခံရတော့မယ်ကွာ၊ အခု စကားပြောတာ ဟာ နောက်ဆုံး နှုတ်ဆက်တယ် သဘောထားပေတော့”

ယုန်သည် မြက်ကိုပစ်ချပြီး ဆင်ရှေ့သို့ လာရပ်၏။

သို့ဖြစ်သဖြင့် ဆင်သည် အဖြစ်အပျက်ကို အသေးစိတ်ရှင်းပြ၏။

ယုန်သည် အတန်ငယ် တွေးတောစဉ်းစားပြီးမှ ပြော၏။

“ကတိရှိခဲ့ပေမဲ့ မင်း သေလို့မဖြစ်ဘူး သူငယ်ချင်း”

“မင်း မတတ်နိုင်ပါဘူး”

“တတ်နိုင်သလား၊ မတတ်နိုင်ဘူးလား စမ်းကြည့်ချင်တယ်ကွာ၊ ကိုင်း ... ငါ့ကို မင့်ခေါင်းပေါ် တင်စမ်း၊ မင်းလည်း အိမ်ကို မပြန်နှင့်ဦး”

ဆင်သည် နှာမောင်းပေါ်ရောက်လာသော ကိုရွှေယုန်ကို ဦးကင်း ပေါ်သို့ တင်ပေးသည်။ ယုန် ညွှန်သည့်နေရာများကို လျှောက်သွားသည်။

မကြာမီ ဒရယ်တစ်စုနှင့် တွေ့သည်။

“ကိုရွှေယုန်က ဆင်ကြီးစီးလို့ပါကလား၊ ဘယ်သွားမှာပါလိမ့်”

“ကျားဖမ်းမလို့ကွာ ဒါပေမဲ့ အခု မဟုတ်ပါဘူး၊ ခုနစ်ရက် လိုပါ သေးတယ်၊ အဲသည်နေ့ကျရင်တော့ ကျားဖမ်းပွဲကြည့်ဖို့ ငါ လာခေါ်မယ်၊ စောင့်နေကြ”

ဒရယ်တွေ ဝမ်းသာသွားသည်။ သူတို့ ကြောက်လန့်ရသော အကောင်တစ်ကောင် ယုတ်လျော့သွားတော့မည် မဟုတ်သလော။

“စောင့်နေမယ် ကိုရွှေယုန်ရေ၊ စိတ်ချ၊ စိတ်ချ”

ထို့နောက် သမင်များထံ သွားကြပြန်သည်။ သမင်များလည်း ဝမ်းသာကြသည်။ သမင်များထံမှ ထွက်လာပြီးနောက် မျောက်များ၊ ဆတ်များ၊ မြေခွေးများ၊ ဝံပုလွေများ၊ စိုင်များ၊ ဝက်များ၊ ငှက်များထံသို့ လှည့်လည်သွားလာသည်။ အားလုံးက လိုက်ပါကြည့်ရှုမည် ကတိပေး ကြသည်။

mgyoe.com

mgyoe.com


သို့ရာတွင် မျောက်တစ်ကောင်မှ ဖောက်လာသည်။

မျောက်အထောင်အသောင်းတို့က ကိုရွှေယုန်အား ချစ်ခင်ယုံကြည်ကြသည်။ မျောက်ရှုပ်ကား ကိုရွှေယုန်ကို မယုံကြည်။ သို့အတွက် ကျားနေသည့်နေရာသို့ အရောက်သွားကာ ဖောက်သည်ချ၏။

"ကိုရွှေကျားကြီးရေ့၊ ခင်ဗျားရဲ့ တစ်ပင်စာပဲရှိတဲ့ ယုန်ကလေးက ခင်ဗျားကို ဖမ်းမလို့တဲ့"

"ဟဲ့ ဘယ်ယုန်တုံး" ဟု ကျားက အထိတ်တလန့် မေး၏။

"ကိုရွှေယုန်ပေါ့ဗျာ၊ ခင်ဗျားကလည်း အကောင်ငယ်ကလေးတွေကို နှိပ်စက်နေတဲ့အတွက် ခင်ဗျားကို ဖမ်းဆီးရာမှာ တောသားသတ္တဝါအတော်များများက အားတက်သရော ပါကြမယ်ဆိုပါကလား"

"ငါ့ကို ဖမ်းပြီး ဘာလုပ်မှာတဲ့တုံး"

"ခြသေ့်မင်းဆီ သွားဆက်မှာလား၊ လူ့ပြည်သွားရောင်းမှာလား တစ်ခုခု ဖြစ်မှာပေါ့ဗျာ"

ကျားသည် တုန်ယင်စွာ ထရပ်သည်။ မျောက်အား မယုံသင်္ကာအကြည့်ဖြင့် စိုက်ကြည့်သည်။

"မင်းလည်း ကိုရွှေယုန့်ဘက်သားပဲ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"ငါ ဘယ်မှာရှိတယ်ဆိုတာ သိရအောင် ကိုရွှေယုန်က အစုံစမ်းခိုင်းလို့ လာတာမဟုတ်လား"

မျောက်သည် စိတ်ညစ်သွားကာ ...

"မဟုတ်ရပါဘူး၊ ခင်ဗျာ့အကျိုးကိုလိုလို့ လာပြောတာပါဗျာ"

ပြောသော်လည်း ကျားကြီး ယုံကြည်ဟန် မပြ။

သို့ကြောင့် အကြံပေး၏။

"ခင်ဗျား ကျုပ်ကိုမယုံရင် ရန်သူမဟုတ်ကြောင်း သေချာအောင်

mgyoe.com

mgyoe.com


အမြီးချင်းပူးပြီး ချည်ထားမယ်၊ ဘယ့်နှယ်တုံး"

"အေး သဘောတူတယ်"

တစ်တောလုံးတွင် သူယုံကြည်လောက်သူ ကင်းမဲ့နေချိန်တွင် သေအတူရှင်မကွာရှိမည့်သူ ပေါ်ပေါက်လာခြင်းသည် တစ်အားဖြစ်၏။ မျောက်နှင့်ကျားတို့ အမြီးချင်း ယှက်ဖွဲ့ချည်နှောင်ခြင်းဖြင့် မဟာမိတ်ဖွဲ့လိုက်ကြလေ၏။

## သစ္စာဖောက်၍ အမြီးပြတ်

"ဟေး ဘယ်သွားကြမလို့တုံး"

"ကျားဖမ်းဖို့ သွားမလို့၊ လိုက်ခဲ့ပါဦးလား"

"လိုက်မယ်၊ လိုက်မယ်"

ကျားနှင့် ဆင်တို့ ကတိထားခဲ့သည့်အတိုင်း ခုနစ်ရက်စေ့မြောက် ရှစ်ရက်သို့ ရောက်သောနေ့၏ နံနက်ဖြစ်သည်။

တစ်တောလုံးမှာ တောကောင်များ အုပ်ဖွဲ့ ချီတက်လာကြသံကြောင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

သည်အထဲတွင် မေးမြန်းသံများ၊ ဖြေကြားသံများဖြင့်လည်း ဆူညံနေပြန်သေးသည်။ ငှက်များမှာ သည်အထဲ၌ အဆူညံဆုံး၊ အပျော်ရွှင်ဆုံး ဖြစ်သည်။

ကိုရွှေယုန်သည် ဆင်၏ဦးကင်းကြား၌ ငုတ်တုတ်ကလေးထိုင်၍ လိုက်ပါလာသည်။

ကျားနှင့် ဆင်တို့ တွေ့ဆုံရန် သတ်မှတ်ထားသော လက်ပံပင်နှင့် နီးလေလေ ပရိသတ်သည် များသည်ထက်များလာလေ ဖြစ်သည်။

"ကျားကြီးကို ဘယ်လိုဖမ်းမယ်"

"သည်လို ဖမ်းမယ်ဟေ့"

mgyoe.com

mgyoe.com


"ကျားကြီးကို ဘယ့်နှယ်ဖမ်းမယ်"

"သည့်နှယ် ဖမ်းမယ်ဟေ့"

အော်သံများသည် တက်ကြွစွာပေါ်လာစဉ် တူရူအရပ်မှ ပေါ်လာသူမှာ ကျားကြီး။ ဆင်ဦးနှောက်စားရန် လာနေသည့် ကျား။

သို့သော် သူတစ်ကောင်ထီးတည်း မဟုတ်။ မျောက်ပါသည်။

ကိုရွှေယုန်မှာ ရုတ်တရက်သော် ...

'ဟာ သူ့မှာ အဖော်သဟဲ ရှိနေပါကလား၊ သူ့မှာ အထီးကျန် မဟုတ်ဘူးလို့ ကြွားဝါနေတာပါကလား' ဟု စဉ်းစားမိသည်။

သို့ရာတွင် သူသည် စိတ်ကိုအေးအေးထားကာ အကြံထုတ်သည်။

ကျားနှင့် မျောက်သည် တဖြည်းဖြည်း နီးကပ်လာပြီ။

အနားရောက်လာသည်နှင့် တစ်ပြိုင်နက်တည်း ကိုရွှေယုန် လှမ်းဝေါက်၏။

"ဟဲ့ မျောက်ညဲ့ မျောက်နာ၊ မောင်မင်းအား ငါ တာဝန်ပေးလိုက်သည်မှာ ဝဖီးနုပျိုသောကျားကို ဖမ်းခဲ့ရန်ဖြစ်သည်။ ယခု သင် ဖမ်းဆီးလာခဲ့သောအရာမှာ ကျားအို ကျားပိန်ပါကလား"

ထိုစကားကိုကြားလျှင် ကျားက ဤသို့ အဓိပ္ပာယ်ကောက်၏။

ကြည့်စမ်း၊ လက်စသတ်တော့ သည်မျောက်နာဟာ ငါ့ကို လိမ်ပြီး ခေါ်လာတာပါကလား။

ကျားသည် တစ်စုံတစ်ရာမျှ မျောက်မပြောနိုင်မီ ချာခနဲ လှည့်ပြီး ပြေးလေ၏။ မျောက်မှာ ကျား၏ကျောပေါ်သို့ တက်ချိန်မရ။ ကျားပြေးသည့်နောက်သို့ ပက်လက်လန် ဒရွတ်တိုက်လျက် ပါသွားလေသည်။

နောက်မှလည်း 'လိုက်ဟ ဖမ်းဟ' ညာသံပေးသည်။ ကျားမှာ လိုက်လာကြပြီ အထင်ဖြင့် တအားတိုးပြီးပြေးသည်။ မောလွန်းမက မောသဖြင့် အပြေးရပ်သောအခါ မျောက်မှာ အသက်မရှိတော့ပြီ။

mgyoe.com

mgyoe.com

သစ်ငုတ်နှင့်ရိုက်၊ ညှောင့်နှင့်ထိုး၊ ကျောက်တုံးနှင့်ဆောင့်သည့် ဒဏ်ရာဒဏ်ချက်များကြောင့် မည်သည့်အချိန်က သေနှင့်သည်ကိုပင် ကျားခများ မသိတော့ပါ။

မှုကွဲ့ရှိသေးသည်။

မှုကွဲတွင် ကျားနှင့် အမြီးချင်း တွဲချည်ထားသူမှာ မြေခွေးဖြစ်သည်။ မြေခွေးမှာလည်း ပရိယာယ်ကြွယ်သော ကိုရွှေယုန်၏စကားကြောင့် ကျားပြေးရာသို့ ပါသွားရ၏။

"နေပါဦး ကျားကြီးရေ၊ ယုန် ပြောတာကို မယုံပါနှင့်"

ပြောသော်လည်း မရ။ ကျား အတင်းပြေးသည်။

နောက်ဆုံး သစ်ငုတ်နှင့် အမြီးနှင့် တိုက်မိသည်။

မြေခွေးအမြီးပြတ်ကာ တစ်ကောင်တစ်လမ်းစီ ပြေးကြလေ၏။

o

mgyoe.com

mgyoe.com

# ဖားမကလေးနှစ်ကောင်

## ဖားမနှင့် ဘီလူးမကြီး

ရှေးရှေးတုန်းက ဖားရွာကြီးတစ်ရွာသည် စမ်းချောင်းတစ်ခုအနီးတွင် တည်ရှိခဲ့လေသည်။ ထိုဖားရွာကြီးထဲတွင် ဖားမကလေး မယ်ယဉ်နှင့် မယ်သုန်တို့မှာ အိမ်နီးချင်းများ ဖြစ်ကြသည်။

ရွယ်တူနှစ်ကောင် အိမ်နီးချင်းများ ဖြစ်ကြစေကာမူ ဖားမကလေးမယ်ယဉ်ကိုသာ ရွာထဲရှိ ဖားများက ချစ်ခင်ကြသည်။ ဖားကြီးသူမများကလည်း မယ်ယဉ်အားသာ ချီးမွမ်းကြသည်။ အကြောင်းသော်ကား မယ်ယဉ်သည် မိခင်အားရိုသေ၍ မိခင်၏ ဝတ်ကြီးဝတ်ငယ်များကို ကောင်းမွန်စွာ ဆောင်ရွက်သည့်အပြင် အများနှင့်ဆက်ဆံပြောဆိုရာ၌လည်း ယဉ်ကျေးသိမ်မွေ့သောကြောင့်ပေတည်း။

ဖားမကလေး မယ်သုန်မှာမူ မိဘကိုလည်း မရိုသေ။ အများနှင့်ပြောဆိုဆက်ဆံရာ၌လည်း မယဉ်ကျေး မသိမ်မွေ့။ သုန်မှုန် ဒေါသထွက်နေသည်က များသဖြင့် မယ်သုန်ဟု ခေါ်ကြခြင်းဖြစ်၏။

မယ်သုန်သည် ဤနှယ်ခြားနားချက်ကို နှိုင်းယှဉ်မကြည့်ဘဲ မယ်ယဉ်ကိုသာ ကျိတ်ပြီး မုန်းတီးနေ၏။ မနာလို မရှုဆိတ် ဖြစ်နေလေ၏။

တစ်နေ့တွင် ဖားမကလေး မယ်ယဉ်သည် ရေခပ်ထွက်လာသည်။ ရေထည့်သည့် ဝါးကျည်တောက်ကလေးကိုကိုင်လျက် စမ်းချောင်းအစပ်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ကျောက်တုံးတစ်တုံးပေါ်သို့ ရောက်လာသည်။

ကျောက်တုံးပေါ်မှကုန်းပြီး ဝါးကျည်တောက်ကို ရေထဲသို့ နှစ်စဉ် ရေထဲသို့ ချော်ကျသွားသည်။

ရေခပ်ဆိပ်တွင် သူတစ်ကောင်တည်း ရှိသည်။ ကယ်ဆယ်မည့်သူ၊ ကူညီမည့်သူ မရှိ။

ဖားမကလေး ကြိုးစားပြီး ကူးခပ်သည်။ ရေစီးသန်လွန်းသဖြင့် ကမ်းသို့ မရောက်ချေ။ ဖားမကလေးမှာ ကူးရခပ်ရလွန်းသဖြင့် လက်ပန်းကျလာသည်။ မောပန်းလာသည်။

ထိုအခါ သူသည် ဆက်လက်မကူးခပ်တော့ဘဲ ဝါးကျည်တောက်ပေါ်သို့ တက်ရောက် အမောဖြေနေရတော့သည်။

ဖားမကလေး မယ်ယဉ်တို့ရွာ၏ အောက်ဘက် အတန်ငယ် ကွာလှမ်းသည့်နေရာတွင် ဘီလူးမကြီး တစ်ကောင်ရှိသည်။ သူသည် ကျကျနန အိမ်ဆောက်နေထိုင်၏။ လာသမျှ သက်ရှိသတ္တဝါများကို ဖမ်းဆီးသတ်ဖြတ်စားသောက်နေ၏။

ဖားမကလေးမယ်ယဉ် စမ်းချောင်းထဲသို့လိမ့်ကျချိန်တွင် ဘီလူးမကြီးသည် စမ်းချောင်းသို့ ရောက်နေ၏။ သူသည် ငါးများကို ကွန်ဖြင့် ပစ်ပြီး အစိမ်းလိုက် စားပစ်နေ၏။

သို့စဉ်တွင် ဝါးကျည်တောက်သည် ဘီလူးမကြီး၏ကွန်တွင် ငြိတွယ်လေ၏။ သူသည် ဝါးကျည်တောက်ကို ဆွဲဖယ်ရန် ငုံ့ကြည့်စဉ် မယ်ယဉ်ကို မြင်၏။

"ဟော ဖားကလေးပါကလား၊ ဟန်ကျတာပဲ၊ ဖားသား စားချင်တာနဲ့ အတော်ပဲ"

ထိုသို့ ပြောသော်လည်း ဘီလူးမသည် မယ်ယဉ်ကို မစားချေ။ မယ်ယဉ်မှာ တစ်လုတ်စာပင် မရှိ။ ငယ်ငေါင်းလွန်းနေသည်။

mgyoe.com

mgyoe.com


"အင်း ကြီးလာအောင် အတော်ကြာကြာ မွေးထားရဦးမှာပါကလား"

ဘီလူမကြီးသည် မယ်ယဉ်ကို သူ့အိမ်သို့ ခေါ်သွားသည်။ သို့ရာတွင် အလဟဿကား ကျွေးမထားပေ။ အဝတ်လျှော်ပေးစမ်း၊ နှိပ်ပေးစမ်း၊ သန်းရှာပေးစမ်း စသည်ဖြင့် တောက်တိုမည်ရများ ခိုင်းစေသည်။

မယ်ယဉ်ကား ဤအရာသည် ဘီလူးဟုသိသည်။ သိသည့်အတွက် ဘီလူးမကြီး ခိုင်းစေသမျှကို သွက်လက်ချက်ချာစွာ လုပ်ကိုင်ပေးသည်။

ဘီလူးမသည် မယ်ယဉ်အား သဘောကျသဖြင့် စားပစ်ရန် မေ့လျော့နေလေ၏။

တစ်ခုသောနေ့တွင် ဘီလူးမကြီးသည် ဆံပင်ဖားလျားချလျက် အိမ်တံခါးဝတွင် ကားကားကြီး ထိုင်နေသည်။

"ဟဲ့ ဟိုကောင်မလေး၊ မြန်မြန်ထစမ်း"

"လာပါပြီ မေမေကြီးရှင့်"

မယ်ယဉ်သည် ပြေးလာကာ ...

"သမီး ဘာလုပ်ပေးရမတုံး၊ နှိပ်ပေးရမလား နင်းပေးရမလား မေမေကြီး" ဟု သွက်လက်စွာ မေးသည်။

"ငါ့ကို သန်းရှာပေးစမ်း"

မယ်ယဉ်သည် အသင့်ဖြေချထားသော ဆံပင်ကို ငုံ့ကြည့်သည်။ ဖောက်တစ်ဖတ်တလေမှအပ သန်းမရှိ။ မယ်ယဉ် ငုံ့ကြည့်ကာမျှဖြင့် သိသည်။ သို့ရာတွင် သန်းအရှာခိုင်းခြင်းမှာ သန်းရှိသည်ထင်၍ အရှာခိုင်းခြင်း မဟုတ်သလော၊ ဟုတ်တယ်။ ဟုတ်လျှင် သူ့စိတ်ကြိုက် ဖြစ်အောင် လုပ်ပေးမှဖြစ်မည်။

"ခဏနော် မေမေကြီး၊ သမီး လက်ဆေးချေဦးမယ်"

ဘီလူးမ ကျေနပ်၏။

mgyoe.com

mgyoe.com


– ဩော် ငါ့ရဲ့အထွက်အမြတ်ထားတဲ့ခေါင်းကို ဖုန်တွေပေနေတဲ့ လက်နဲ့ မကိုင်ဘူးဟဲ့၊ လိမ္မာပါကလား –

မယ်ယဉ်ကား ရေအိုးတွင် လက်ဆေးဟန်ဆောင်ပြီး သဖန်းသီး တစ်လုံးကို ယူလာသည်။ အလေ့ကျ သဖန်းပင်များ၏ သဖန်းသီးများမှာ အတွင်း၌ ပိုးကောင်တွေ အပြည့်ရှိသည်။ သို့ကြောင့် သဖန်းသီးကိုခွဲကာ ဘီလူးမကြီး၏ဆံပင်ထဲမှ တွေ့လေဟန် သဖန်းပိုးတွေကို ဘီလူးမ လက် ထဲသို့ ထည့်ထည့်ပေးလေသည်။

"ညည်းက အကောင်သာ ငယ်တာ၊ တယ်လည်း ဝီရိယရှိပါ ကလား၊ စေ့စပ် သေချာပါကလား၊ အလိမ္မာကလေးဟဲ့"

ဘီလူးမသည် မယ်ယဉ်ကို သူနှင့်အတူထားရန် စိတ်ကူးပြီး ချီးမွမ်း၏။

များမကြာမီ နေ့တစ်နေ့တွင် ဘီလူးမသည် အပြင်ထွက်ရန် အကြောင်းတစ်ရပ် ပေါ်လာလေသည်။

"ဟဲ့ မယ်ယဉ်၊ လာစမ်း"

"လာပါပြီ မေမေကြီး၊ သမီး ဘာလုပ်ပေးရမတုံးရှင့်"

ဖားမကလေး အပြေးရောက်လာသည်။

"ငါ အပြင်သွားမလို့၊ အဲ ဟိုတံခါးတပ်ထားတဲ့ အခန်းထဲကို ဝင်မကြည့်နဲ့ ကြားလား၊ အိမ်ကို ကောင်းကောင်းစောင့်"

"ဟုတ်ကဲ့ မေမေကြီး"

ဘီလူးမကြီးသည် အိမ်ကို စိတ်မချဟန် လှည့်ကြည့်လှည့်ကြည့် ဖြင့် အိမ်မှထွက်ခွာသွားလေ၏။

သတ္တဝါတို့၏သဘောမှာ မကြည့်နှင့်ဆိုလျှင် ကြည့်ချင်၏။ မကိုင်နှင့်ဆိုလျှင် ကိုင်ကြည့်ချင်၏။

လိုက်နာစောင့်စည်းတတ်သူ နည်းပါး၏။ စည်းကမ်းရှိသူများ

mgyoe.com

mgyoe.com


မှသာ စောင့်စည်းနိုင်၏။

မယ်ယဉ်ကား ကလေးမျှသာ ဖြစ်သည်။ 'ဘာပြုလို့ မကြည့်နဲ့ မှာသွားပါလိမ့်' တွေးသည်။ ကြည့်ချင်သည်။ ကြည့်ချင်သော်လည်း အိမ်ရှေ့တွင် အမှိုက်လှည်းဟန်ဆောင်သည်။ ဘီလူးမကြီး ဝေးသွားအောင် ဆိုင်းသည်။ ဘီလူးမကြီး ဝေးသည်ထက်ဝေးဝေး ရောက်သွားသည်အထိ စောင့်၏။

ဘီလူးမကြီး ရုတ်တရက် ရောက်မလာနိုင်ကြောင်း သေချာတော့မှ မယ်ယဉ်သည် အိမ်ထဲသို့ ဝင်ခဲ့သည်။

အခန်းတံခါးကို အသာဆွဲဖွင့်သည်။ ချောင်းကြည့်သည်။

ဖားမကလေး မယ်ယဉ်မှာ ငယ်သံပါအောင် အော်မိမတတ် ထိတ်လန့်သွားသဖြင့် ပါးစပ်ကို အလျင်အမြန် လက်ဖြင့် ပိတ်လိုက်ရလေ၏။

မယ်ယဉ် မြင်ရသော အရာများမှာ လူရိုးတွေ၊ တိရစ္ဆာန် အရိုးတွေ။

ထို့ပြင် သွေးရဲရဲနှင့် အသားတွေ။

– အင်း၊ ဘီလူးမကြီး သတ်စားထားတဲ့ သတ္တဝါတွေရဲ့ အရိုးတွေနှင့် အသားတွေပါကလား –

မယ်ယဉ်သည် စိတ်ကိုငြိမ်အောင် ထိန်းပြီးမှ တံခါးကို ဂရုတစိုက် ပြန်ပိတ်သည်။

အိမ်မှုကိစ္စများကို ယခင်ကထက် ကြိုးစားပြီး ဆောင်ရွက်နေလေသည်။

## ရုန့်ရှိုင်းသော ဖားမကလေး

လေပြည်ကလေး တသွေးသွေးနှင့် နေခြည်နုကလေး ပက်ဖျန်းနေသော နံနက်ခင်းဖြစ်ပေသည်။

ဘီလူးမကြီးသည် ဖားမကလေး မယ်ယဉ် တလှုပ်လှုပ် အလုပ်

mgyoe.com

mgyoe.com


လုပ်နေသည်ကို ကြည့်ပြီး ပြုံးမိသည်။ ကြည့်ရင်းက သနားစိတ်ဝင်လာသဖြင့် အနားသို့ ခေါ်သည်။ မယ်ယဉ် ပြေးလာသည်။ ကျုံ့ကျုံ့ကလေး ထိုင်သည်။

"သမီး သန်းရှာပေးရမလား မေမေကြီးရှင့်"

ဘီလူးက ပြုံးရွှင်စွာ ခေါင်းခါပြသည်။

"ညည်း ငါနဲ့နေရတာ ပျော်ရဲ့လား"

"တစ်ခါတလေ အိမ်ကို သတိရတာကလွဲရင် ပျော်ပါတယ်ရှင့်"

"ငါ့ကိုကော မကြောက်ဘူးလား"

"မေမေကြီးက ချစ်စရာကောင်းတာပဲ၊ ကြောက်စရာမှမဟုတ်တာ"

သူတစ်ပါး၏ အသက်ကို သတ်ဖြတ်စားသောက်နေသော ဘီလူးဖြစ်လင့်ကစား ချစ်စရာကောင်းသည် အပြောခံရလျှင် ကျေနပ်လှပေသည်။

ဘီလူးမသည် အသံထွက်အောင် ရယ်မောပြီး ထပ်မေး၏။

"သည်လိုဆိုရင် ငါနဲ့ တစ်သက်လုံးနေမလား"

"နေချင်ပါတယ် မေမေကြီး၊ ဒါပေမဲ့ အိမ်မှာ မျက်မမြင် အမေတစ်ယောက်တည်း ထားခဲ့ရတော့ နောက်ဆံငင်တာပေါ့ မေမေကြီးရယ်၊ အမေတော့ စိတ်ပူနေရှာရော့မယ်"

သနားစဖွယ် ဆွေးဆွေးမြည့်မြည့် ပြောလိုက်သဖြင့် ဘီလူးမကြီးမှာ ပိုပြီး သနားမိသည်။

"ညည်းအမေက မျက်စိမမြင်ဘူးလား"

"ဟုတ်ပါတယ် ... မေမေကြီးရယ်၊ သမီး မရှိရင် သူ့ခမျာ ရေလည်းသောက်ရတော့မှာ မဟုတ်တော့ပါဘူး၊ အစာလည်း စားရတော့မှာ မဟုတ်တော့ဘူး"

"ကဲပါအေ ... ဝမ်းနည်းမနေပါနဲ့၊ ငါလိုက်ပို့ပါမယ်"

ဘီလူးမကြီးသည် ဖားမကလေး မယ်ယဉ်ကို ကောက်ယူပြီး ပခုံး

mgyoe.com

 mgyoe.com


ပေါ်တင်သည်။ ထို့နောက် ရွှေအိုးတစ်လုံးယူကာ ဖားရွာကြီးသို့ လာခဲ့သည်။ ရွာတံခါးဝသို့ရောက်လျှင် မယ်ယဉ်ကို မြေကြီးပေါ်သို့ ချကာ ရွှေအိုးပေးသည်။

"သမီးလေး ထုခွဲစားသောက်ဖို့ ရွှေအိုး မေမေကြီး ပေးခဲ့တယ်၊ လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့၊ မေမေကြီး"

ဖားမကလေးသည် အသက်လည်း ချမ်းသာရာရ၊ လက်ဆောင်အဖြစ် ရွှေအိုးလည်းရသဖြင့် ထိုင်၍ပင် ကန်တော့လိုက်သေးသည်။

မယ်ယဉ် ပြန်ရောက်လာသည့်အတွက် ဖားအိုမကြီးမှာ ဝမ်းသာလှ ပျော်ရွှင်လှသည်။ ဖားရွာတစ်ရွာလုံးလည်း ဝမ်းသာစေကာမူ အဖြစ်ဆန်းလှသဖြင့် မယ်ယဉ်အကြောင်းကို တအံ့တသြ ပြောနေကြလေ၏။

"ဆန်းသဟော့၊ ဘီလူးနဲ့တွေ့တာ အစားမခံရတဲ့အပြင် ရွှေအိုးနဲ့ အတူ ရွာအထိ လိုက်ပို့သတဲ့"

ရွာသူ ရွာသား ဖားအများ မယ်ယဉ်တို့အိမ်သို့ တဖွဲဖွဲ တသဲသဲ ရောက်လာကာ မေးမြန်းကြသည်။ ရယ်မောသံများဖြင့် မယ်ယဉ်တို့ အိမ်မှာ စည်ကားနေသည်။ မယ်သုန်မှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေချေသည်။

"ရွှေအိုးရအောင် သူမှ လုပ်တတ်တာ မဟုတ်ဘူး၊ ကျုပ်လည်း တတ်တယ်"

မယ်သုန်သည် သူ့အိမ်ထဲတွင် ကြုံးဝါးနေသည်။

"အလွယ်ကလေးပါ၊ သူ့လိုပဲ ဘီလူးမကြီးဆီ ရောက်အောင် သွားရုံပေါ့"

မယ်သုန်၏ မိဘများသည် ငြိမ်သက်စွာ ငေးကြည့်နေကြ၏။ မယ်သုန်၏ အစီအစဉ်ကို ကြားသောအခါ ဖအေဖားက လှမ်းငေါက်၏။

"ဟဲ့ နင်က မယ်ယဉ်နဲ့ တူလို့လား၊ ဟိုက ယဉ်ကျေးတယ်၊

mgyoe.com

mgyoe.com


သိမ်မွေ့တယ်၊ သည်တော့ ဘီလူးကလည်း ချစ်တယ်၊ နင်သာဆိုရင် ချစ်မှာမဟုတ်ဘူး၊ ရိုင်းစိုင်းတဲ့အတွက် စားပစ်မှာ"

မယ်သုန်ကား ဖအေ့စကားကို နားဝင်ဟန် မပြ။ ရေထည့်သည့် ဝါးကျည်တောက်ကို လိုက်လံရှာဖွေနေသည်။

"မအေကြီး၊ မင့်သမီးကို ပြောဦးဟဲ့"

"ဟုတ်တယ် သမီး၊ သမီးက မယ်ယဉ်လို လိမ္မာတာ မဟုတ်လို့ မယ်ယဉ်လို ရွှေအိုးရမှာ မဟုတ်ဘူး၊ မသွားပါနဲ့ကွယ်၊ အိမ်မှာပဲ ..."

မယ်သုန်သည် မိဘစကားကို နာယူလိုက်နာသော အလေ့အထ မရှိပေ။ မိခင်ပြောနေသည့်ကြားမှ ရေကျည်တောက်ကို ဆွဲလျက် စမ်းချောင်း ရေခပ်ဆိပ်သို့ ထွက်လာခဲ့လေ၏။

## မစူးစမ်း မလေ့လာဘဲ

ဖားမကလေး မယ်သုန်သည် ရေဆိပ်သို့ရောက်လျှင် ရောက် ရောက်ချင်း ဝါးကျည်တောက်ကို ရေထဲသို့ပစ်ချသည်။ ကျည်တောက် ပေါ်သို့ ခုန်ချတက်စီးလျက် ရေစီးအတိုင်း လိုက်ပါလာခဲ့သည်။

"ဘီလူးမကြီးနဲ့ တွေ့ပါတော့ဟယ်၊ တွေ့ပါတော့"

မယ်သုန်သည် ဘီလူးမကြီးနှင့် တွေ့ရန် စိတ်စောနေသည်။

အတန်ကြာသည်အထိ ဘီလူးနှင့် မတွေ့။ မယ်သုန် စိတ်မရှည် တော့ပါ။ ရေထဲခုန်ချပြီး အိမ်သို့ ရေကူးကာ ပြန်မည်စိတ်ကူး၏။

"ဟော ဝါးကျည်တောက်နဲ့ ဖားတစ်ကောင် မျောလာပြန်ပြီဟဲ့"

အော်သံကြားသဖြင့် မယ်သုန် ဝမ်းသာ၏။

– ရွှေအိုးကြီး ရတော့မယ် ရတော့မယ် –

သူသည် မယ်ယဉ်ကဲ့သို့ ရေထဲလိမ့်ကျသူ မဟုတ်ရကား ပင်ပန်း နွမ်းနယ်မနေပေ။ ကြောက်ရွံ့ဟန်လည်း မရှိ။ သို့ရာတွင် ငယ်လွန်းသေး

mgyoe.com

mgyoe.com


သဖြင့် ဘီလူးမကြီး၏အိမ်သို့ လိုက်ပါလာခဲ့ရ၏။

အိမ်သို့ရောက်သော် ဘီလူးမကြီးက အမိန့်ပေး၏။

"ညည်းကို ငယ်လွန်းလို့ ငါမစားပစ်တာ၊ ဒါကြောင့် အဝတ်လျှော်၊ ထမင်းချက်၊ အမှိုက်လှည်း၊ ရေခပ်၊ အိမ်မှ ဗာဟီရတွေ လုပ်ရမယ်"

မယ်သုန်သည် မကြောက်ရွံ့သည့်အတွက် ကျိုးနွံဟန်လည်း မပြချေ။ သို့အတွက် ဟုတ်ကဲ့ မပြောချေ။ အမှိုက်လှည်းရန်၊ အဝတ်လျှော်ရန်လည်း ဟန်မပြင်ပေ။ ဤသည်ကို ဘီလူး ရိပ်မိသဖြင့် ဆံပင်ကို ဖြန့်ချ၏။

"လာစမ်း ငါ့ခေါင်းမှာ သန်းရှာပေးစမ်းအေ"

မယ်သုန်သည် မယ်ယဉ်အကြောင်း နားစွန်နားဖျားသာ ကြားခဲ့ရသည်။ အသေးစိတ် မသိခဲ့ရသဖြင့် မယ်ယဉ်၏ ပရိယာယ်များ၊ ဖြတ်ထိုးဉာဏ်များကို မသိခဲ့ရပေ။ ထို့ပြင် ကိုယ်ပိုင်အလိမ္မာနှင့် ဉာဏ်လည်းမရှိ။

သို့အတွက် ဘီလူးမ၏ခေါင်းကို ငုံ့ကြည့်သည်။

"သန်း မရှိဘူး၊ ဘာသွားရှာမတုံး"

သန်းအရှာခံရင်း မှိန်းချင်သည့် အရသာကို ဘီလူးမကြီး မခံစားရသဖြင့် စိတ်ဆိုးသည်။ အထင်လည်းသေးသည်။

"ညည်းဟာ အလကား မိန်းဖျင်းပဲ"

ဘီလူးမသည် ဆောင့်အောင့်ပြီး ထသွားသည်။ သူသည် စိတ်ဆိုးသော်လည်း ဖားမကလေးကို စားမပစ်သေးပါ။

နောက်တစ်နေ့ နံနက်တွင် ဖြစ်၏။

"ဟဲ့ ဟိုကောင်မလေး၊ ငါ အပြင်ထွက်နေတုန်းမှာ တံခါးတပ်ထားတဲ့ အခန်းကို တံခါးဖွင့်မကြည့်နဲ့ဟေ့၊ ကြားလား"

မယ်သုန်သည် 'အင်း' တစ်ခွန်း တုံ့ပြန်ရင်း အိမ်ရှေ့သို့ ပြေးလာသည်။ ဘီလူးမကြီး အိမ်ပေါ်မှ ဆင်းမိသည်ဆိုလျှင် မဖွင့်နှင့်ဆိုသည့်

mgyoe.com

mgyoe.com


တံခါးကို ဆွဲဖွင့်သည်။ ကြီးမားသော သွေးအိုင်ကြီးထဲ၌ အသားများနှင့် အရိုးများ၊ လူ့ဦးခွံများကို မြင်ရသည်။

"အမယ်လေး ကယ်တော်မူကြပါဦး၊ လာကြပါ"

မယ်သုန် ငယ်သံပါအောင် အော်သည်။ ဘီလူးမကြီး လျင်မြန်စွာ ပြေးလာသည်။ ဖွင့်ထားသည့်တံခါးဝ၌ တုန်ယင်စွာရပ်နေသည့် မယ်သုန်။

"ငါက မဖွင့်နဲ့ သေသေချာချာ မှာခဲ့တော့မှ ညည်းက ကျကျနန ဖွင့်ကြည့်တာကိုးအေ့၊ ညည်းလို မိန်းကလေးကို ကြာကြာထားရင် ငါ ဒုက္ခရောက်မှာပေါ့အေ၊ ကဲ ကဲ"

ဘီလူးမကြီးသည် ကဲ ကဲ ဟု ပြောအပြီး၌ ဖားမကလေး မယ်သုန်ကို အသာအယာ ကောက်ယူ၍ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်လေ၏။

○

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## မတရားကောင်ကြီး

### ဟဲ့ ငါ့ကို နမ်းစမ်း မောင်မင်း

လွန်လေပြီးသောအခါက တောကြီးတစ်တောအတွင်းရှိ ဂူကြီးတွင် ခြင်္သေ့မင်းတစ်ကောင် နေထိုင်ကာ တောကြီးကို ဘုရင်လုပ်လျက် အုပ်စိုးတော်မူခဲ့သည်။ သူ့အား ဝန်ကြီးအဖြစ်ဖြင့် ခစားနေသူများမှာ ယုန်နှင့် မျောက်၊ ဝက်ဝံတို့ပါပေတည်း။

နှစ်ကာလ ကြာညောင်းလာသောအခါ ဘုရင်ခြင်္သေ့ကြီးသည် သူ၏ဝန်ကြီးများကို အလိုမရှိတော့ပါ။ အပြောင်းအလဲ လုပ်ချင်လာသည်။ သူတို့အလိုအလျောက် သေလျှင်လည်း အစားထိုးနိုင်၏။ အပြစ်ရှိလျှင်လည်း အပြစ်ကိုပြကာ နှင်ထုတ်နိုင်၏။

မည်သို့ လုပ်ရပါမည်နည်း။

ဝန်ကြီးများသည် သေလည်းမသေ၊ အပြစ်လည်း မကျူးလွန်ကြ။

သို့ဆိုလျှင် မရှိသောအပြစ်ကို ကြံဖန်ပြီး မွေးမြူရပေတော့မည်။

ထိုသို့ စိတ်ကူးရသဖြင့် ဘုရင်ကြီးခြင်္သေ့သည် ပါးစပ်ဟပေးပြီး ဝက်ဝံကို စေခိုင်းသည်။

"မောင်မင်း ဝက်ဝံ၊ ငါ့ ပါးစပ်ကို နမ်းစမ်းလဟဲ့"

ဝက်ဝံသည် ဟထားသည့် ပါးစပ်ကြီးကို နမ်းရှုပ်သည်။ သားကောင်မျိုးစုံကို သတ်စားထားသည့် ပါးစပ်ကြီးသည် အလွန်တရာ

mgyoe.com

mgyoe.com


ညီစော်ပုပ်စော် နံလွန်းပါဘိ။ ဝက်ဝံမှာ ဟန်လုပ်ထားပါလျက် မသက်မသာ ရှုံ့မဲ့နေမိသည်။

မကောင်းသောအရာကြီးကိုလည်း အနမ်းခိုင်းသေး၊ မေးခွန်းလည်း ထုတ်လိုက်သေးသည်။

"ဟဲ့ ဝက်ဝံ၊ ငါ့ခံတွင်းက ဘာနံ့ နံသတုံး"

ဝန်မင်း ဖြစ်သော ဝက်ဝံသည် စဉ်းစား၏။

– ပုပ်စော် ညီစော် နံတယ်ပြောရင် သူ့ကို မလေးမခန့် ပြောရာ ရောက်မယ်၊ သည်တော့ မင်းလိုလိုက်၊ မင်းကြိုက်တင်မှ –

"မှန် ... မှန်လှပါ၊ အရှင့်အာခံတွင်းမှ ကြာညိုနံ့ တကြိုင်ကြိုင် သင်းလှကြောင်းပါ အရှင်"

ခြင်္သေ့မင်းမြတ်၏ လည်ဆံမွေးတွေ ထောင်၏။ မျက်လုံးကြီး နီ၏။

"ကြာညို သင်းတယ် ဟုတ်လား၊ သားစိမ်းစား ငါးစိမ်းစား ပါးစပ်က ဘယ်လိုလုပ်ပြီး ကြာညိုနံ့ သင်းမှာတုံး"

"မှန်လှပါ၊ ရွှေဘုန်းတော် ..."

"တော် တန် တိတ်၊ ငါကဲ့သို့သော ဘုရင်မင်းမြတ်အား မမှန်မကန် လိမ်လည်ပြောတဲ့ကောင် သည်နေရာနှင့် မတန်ဘူး"

ခြင်္သေ့သည် ဝက်ဝံကို ခုန်အုပ်ကာ ကိုက်ခဲ ခါယမ်းပစ်လိုက်၏။

ဝက်ဝံနှင့်အတူတကွ ခစားခဲ့သော ဝန်ကြီးမျောက်နှင့် ဝန်ကြီးယုန်တို့မှာ ဖိမ့်ဖိမ့်တုန်နေကြလေ၏။

## မတရား သက်သက်မဲ့

ဘုရင်မင်းမြတ် ခြင်္သေ့ကြီးသည် ဝက်ဝံသားကို မြိန်ရှက်စွာ ပွဲတော်တည်ပြီးနောက် ဝန်မင်းဦးမျောက်ကို ရှေ့သို့တိုးပြီး ခစားစေ အမိန့်ပေး၏။ ဟော ပါးစပ်ကြီး ဟပေးပြန်ပြီ။

mgyoe.com

mgyoe.com


"ဟဲ့ မောင်မင်း မျောက်ဖင်နီ၊ ငါ့ပါးစပ်ကို နမ်းစမ်း"

ဝန်မင်း ဦးမျောက်မှာ နေးကွေးစွာ တိုးပြီး ခစားသည်။ ပါးစပ်ကြီးကို နမ်းအပြီး၌ မအန်မိအောင် မနည်းချုပ်ထားရသည်။

"ဘာနံ့ ရသတုံးဟဲ့"

ဦးမျောက် များစွာ စိတ်ညစ်ရ၏။ အရှင်သခင်၏ ညံ့ကွက်ကို မတင်လျှောက်လို။ ယခုသော် အတင်းမေးနေပြီ။ ဖာဖာထေးထေး လျှောက်တင်၍လည်း မကြိုက်။ မှန်ရာကို တင်မှ။

"မှန် ... မှန်လှပါ၊ အရှင့် အာခံတွင်းမှ ပျို့မတတ် အန်မတတ် ပုပ်စော်နံလှကြောင်းပါ ဘုရား"

"ဘာလျှောက်တယ်၊ ပုပ်စော်နံတယ် ဟုတ်စ"

မှန်ရာ တင်သော်လည်း သဘောကျဟန် မပြ။

ထောင်ပြီ လည်ဆံမွေး၊ နီပြီ မျက်လုံး။

"မှန်ပါ၊ မြှောက်ပင့်တင်တာ အရှင် မကြိုက်မှန်းသိလို့"

"သယ် ... တောသုံးထောင်ကို အစိုးရတော်မူသော ငါကဲ့သို့သော ခြင်္သေ့မင်းအား မရိုမသေ ပုပ်စော်နံသလေး ဘာလေးနှင့်၊ သင်ကဲ့သို့သော သူနှင့် ဤအရာအထူးသည် မတန်"

ပြောပြောဆိုဆို ခုန်အုပ် ကိုက်သတ်စားပစ်ပြန်လေ၏။

မျောက်သည် ဝက်ဝံနှယ် မကြီးမားသဖြင့် ကြာကြာ မစားလိုက်ရ။ တစ်ခဏအတွင်း ကုန်သွားသည်။

ကုန်လျှင်ကုန်ချင်း ဝန်ကြီး ဦးယုန်ကို လှမ်းမေး၏။

"ဟဲ့ မောင်မင်း ငယုန်၊ ရှေ့တိုး ခစား"

ယုန်သည် တုန်ယင်စွာဖြင့် နေးနေးကလေး ချဉ်းကပ်လာ၏။ ဘုရင်မင်းမြတ်၏ ယင်တလောင်းလောင်း အုံနေသော ပါးစပ်ကြီး ဟလာ၏။

mgyoe.com

mgyoe.com


"ကိုယ်တော့် အာခံတွင်းကို နှာခေါင်းအပ်ပြီး ရှုကြည့်စမ်း"

ယုန်မှာ မရှုမိကပင် ရှုံ့မဲ့နေသည်။ သို့ရာတွင် နမ်းအပြီးတွင်ကား သူ့အမူအရာမှာ လေးဆေး တည်ငြိမ်၏။

"မှန်ရာ တင်စမ်း၊ ငါ့ပါးစပ်က ဘာနံ့ နံသတုံး"

"မှန်လှပါ၊ သတ်ရင်လည်း သေ၊ ထားရင်လည်းနေရမယ့် ကျွန်တော်မျိုးပါ ဘုရား၊ ကျွန်တော် ကျွန်တော်မျိုး"

"တင်ဟဲ့ ကျွန်တော် ဘာဖြစ်သတုံး"

"ကျွန်တော်မျိုး အအေးမိပြီး နှာစေးနေတဲ့အတွက် ဘာနံ့မှ မရကြောင်းပါ ဘုရား၊ သို့ပါ၍ အိမ်ပြန်ပြီး ဆေးကုသပါရစေ ဘုရား"

"ကောင်းပြီ မောင်မင်း၊ မြန်မြန် ကုသချေ"

ယုန်သည် ခြင်္သေ့မင်း၏ ရှေ့မှ ယို့ယို့ကလေး ထွက်လာပြီးနောက် အိမ်သို့မပြန်ဘဲ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့သွားလေသတည်း။

၀

mgyoe.com

mgyoe.com

# နိုင်ထက်စီးနင်း အကောင်ကြီး

## ခေါင်းပေါ် လက်တင်ပြီး ပေါင်းသူ

မျိုးမတူ ဇာတ်ခြားသည့် အင်အားကြီးသော သူမိုက်ကို အရော တဝင် ခစားမိသဖြင့် ဒုက္ခရောက်သော နောက်ထပ်ပုံပြင်တစ်ပုဒ်ကို တင်ပြ ပါဦးမည်။

ရှေးရှေးအခါက တောကြီးတစ်တောတွင် ကျားကြီးတစ်ကောင် ရှိလေသည်။ သူသည် စိတ်ထားယုတ်မာသဖြင့် အခြားတိရစ္ဆာန်များက ဝိုင်းပယ်ထားကြ၏။ သို့အတွက် သူသည် အခြားတောသို့ ပြောင်းသွား ကာ မျောက်နှင့် မြေခွေးကို မိတ်ဆွေဖွဲ့၏။

မျောက်နှင့် မြေခွေးမှာ ကျားအကြောင်းကို မသိသဖြင့် မိတ်ဆွေ အဖြစ် လက်ခံသည်။ သွားအတူ စားအတူ အိပ်အတူ နေအတူ။ သို့ရာ တွင် အတူနေဖန်များသောအခါ ကျားသည် မျောက်နှင့် မြေခွေးကို အထင်သေးလာ၏။ အကောင်သေးသောကြောင့် ခွန်အားနည်းသည်ကို အထင်သေးခြင်းဖြစ်၏။

တစ်နေ့တွင် သူတို့သုံးကောင် လမ်းခွဲရန် အကြောင်းဆိုက်လာ၏။

ဖြစ်ပုံမှာ သူတို့ အတူတကွ အမဲလိုက်ကြရာ စားစရာများ များပြား စွာ ရရှိလာခြင်း ဖြစ်၏။ သူတို့သည် အမဲဟင်းလျာများကို သူတို့နေသည့် သားရဲတွင်းသို့ သယ်ယူလာကြ၏။ စုပုံထားကြ၏။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


"ကဲ ကိုမျောက်က ဝေစုခွဲစမ်းဗျာ"

ကျားက မျောက်ကို တာဝန်ပေးသည်။

မျောက်သည် အမဲသားငါးများကို ညီတူညီမျှ သုံးပုံပုံသည်။ ပုံပြီးနောက် သေချာအောင် ထပ်မံစစ်ဆေးသည်။ အတိအကျ ညီကြောင်း သေချာမှ အမဲပုံဘေးမှခွာကာ ကျား့ရှေ့တွင် ရပ်သည်။

"ဘယ်သူ သာတယ်၊ ဘယ်သူ နာတယ် မရှိရအောင် အတတ်နိုင်ဆုံး ညီတူညီမျှ ခွဲထားပြီးပါပြီ၊ ကိုကျား ကြိုက်ရာအပုံသာ ကောက်ပေတော့"

မျောက် ပုံထားသော အပုံသုံးပုံမှာ ပို၍ကြီးသောအပုံ တစ်ပုံမျှမရှိ။ ကျားသည် သွားဖြဲပြလိုက်ကာ မာန်ဖီသည်။

"ဩ ... ငါက မင်းတို့နှင့် တန်းတူညီတူ ယူရမယ် ဟုတ်လား၊ ဟေ့ ငါက မင်းတို့ထက် ပိုပြီး ပင်ပန်းတာကွ ပင်ပန်းတာ၊ ကဲ တန်းတူညီမျှ အယူခိုင်းဦးကွာ"

ကျားသည် မျောက်ကို လည်ကုပ်မှကိုက်ဆွဲ ခါယမ်းပစ်လိုက်ပြီးနောက် မြေခွေးကို လှမ်းပြော၏။

"ကဲဗျာ ... ခင်ဗျားပဲ ဝေပါတော့ဗျာ"

မြေခွေးသည် သွက်လက်စွာ ထသည်။ အမဲဟင်းလျာ အပုံ သုံးပုံကို တစ်ပုံတည်းဖြစ်အောင် စုပေါင်းသည်။ အပုံကြီး ဖြစ်လာသည်။ ထိုအပုံကြီးထဲမှ သေးကွေးသော တောကြက်တစ်ကောင်ကို ဘေးသို့ ဖယ်ထားလိုက်သည်။

"ကိုင်း ... ပြီးပြီ ကိုကျားရေ့၊ သည်အပုံကြီးက ခင်ဗျားရဲ့ ဝေစု၊ ဟိုကြက်ပိန်ကလေးကတော့ ကျုပ်အတွက်"

ကျားသည် အူလိုက် သည်းလိုက် ရယ်မော၏။ ကျေနပ်စွာဖြင့် စားစရာအပုံကြီးကို ကြည့်၏။ ပိုမို ရွှင်လန်းစွာ မေး၏။

mgyoe.com

mgyoe.com


"ကိုမြေခွေးဟာ တယ်တော်ပါကလား၊ တကယ် ပညာရှိ ပီသပါ ပေ့ဗျာ၊ နို့ နေပါဦး၊ သည်ပညာတွေကို ဘယ်အရပ်ကများ သင်ခဲ့သတုံး"

မြေခွေး၏ အဖြေမှာ ပညာပါလှ၏။

"ဘယ်ကိုမှ ဝေးဝေးလံလံ သွားပြီး ဆရာရှာမနေရပါဘူး ကိုကျား ရာ၊ ကျုပ်ဆရာကတော့ အသက်ပျောက်နေတဲ့ မျောက်ပါပဲ"

## (သံတူကြောင်းကွဲ တစ်ပုဒ်)

အလားတူပင် မျိုးမတူ ဇာတ်ခြား ခွန်အားကြီးမား ရက်စက် ကြမ်းကြုတ်သူနှင့် မိတ်ဆွေအဖွဲ့မှားသော သံတူကြောင်းကွဲ ပုံပြင်တစ်ပုဒ် ရှိသေးသည်။

ထိုမူကွဲတွင်ကား ကျား မဟုတ်၊ ခြင်္သေ့ဖြစ်သည်။

ခြင်္သေ့နှင့် ယုန်၊ မျောက်၊ မြေခွေးတို့ အတူစား အတူသွား အတူ လာပြုကာ နေထိုင်ကြသည်။

တစ်နေ့တွင် အထက်ပါနည်းအတိုင်း စုပေါင်းအမဲလိုက်ပြီး နောက် ပြန်လာကြသည်။

"မောကလည်း မော၊ ဆာကလည်း ဆာကြရော့မယ်၊ ကဲ ကဲ ကိုမြေခွေးက ဝေစု ဝေပုံကျ ခွဲစမ်းဗျာ"

ဂူဝတွင် အမဲဟင်းလျာများ စုပုံထားပြီးချိန်၌ ခြင်္သေ့မင်းက မောမောနှင့် အကြံပေးသည်။

မြေခွေးသည် ပင်ပန်းစွာ အပုံ လေးပုံ ပုံ၏။ ညီတူညီမျှ ရှိစေရန် ခက်ခဲစွာ ခွဲခြမ်းစိတ်ဖြာ၏။ မြေခွေးဆောင်ရွက်သမျှ အဆင်ပြေစေရန် မျောက်က ဝင်ရောက်ကူညီသည်။

မြေခွေး၏စိတ်ကြိုက် အပုံလေးပုံသည် ရွှေဂူဝ၌ မားမားကြီး ဖြစ် ပေါ်နေချေပြီ။ သို့အတွက် မြေခွေးက ခြင်္သေ့မင်းအား ပြော၏။

mgyoe.com

mgyoe.com


"ညီတူညီမျှ ခွဲခြမ်းစုပုံပြီးပါပြီ၊ ခြသေ့်မင်း ကြိုက်ရာအပုံကို ကောက်ပေတော့"

ခြသေ့်က အပုံလေးပုံကို စိုက်ကြည့်ပြီး ဒေါသတကြီး ပြော၏။

"ဟင် ... ငါက မင်းတို့နှင့် ညီတူညီမျှ ယူရမယ်ပေါ့လေ"

ပြောပြောဆိုဆို မြေခွေး၏ မျက်နှာကို လှမ်းပုတ်ရာ မြေခွေးခမျာ မျက်လုံးတစ်ဖက် ထွက်သွား၏။

"ကဲ ကဲ ကိုယုန် ဝေစမ်းဗျာ၊ သင့်တင့်လျောက်ပတ်အောင်ပေါ့ဗျာ"

ယုန်သည် မြေခွေး ပုံထားသည့် အပုံလေးပုံကို လှပသေသပ်အောင် ပြုပြင်သည်။ ထို့နောက် ခြသေ့်အား အကြောင်းကြားသည်။

"အရှင် ခြသေ့်မင်း၊ ခွဲခြမ်းဝေဖန်ပြီးပါပြီ၊ ဟောသည် ပထမအပုံက ခြသေ့်မင်း အခုစားဖို့၊ ဒုတိယအပုံက တော်တော်ကြာရင် သုံးဆောင်ဖို့၊ တတိယအပုံက ခြသေ့်ကြီး ညစာအတွက် ပွဲတော်တည်ဖို့"

"ဟို စတုတ္ထ အပုံကကော"

"သင် ခြသေ့်မင်း နောက်တစ်နေ့နံနက်စောစော အဆာပြေစားဖို့ ဖြစ်ပါတယ်ဗျား"

ခြသေ့်၏ဒေါသသည် လုံး၀ ကင်းစင်ပပျောက်သွားလေ၏။ ကျေနပ်ရွှင်ပျစွာ ရယ်မောလိုက်ပြီးမှ တစ်စုံတစ်ရာ သတိရဟန်ဖြင့် မေး၏။

"နို့ ခင်ဗျားတို့က ဘာသွားစားမတုံး"

"ရပါတယ်၊ ကျုပ်တို့ကတော့ ခြသေ့်မင်းရဲ့ စားကြွင်းစားကျန် အရိုးအရင်းပေါ့ဗျာ"

ခြသေ့်ကြီး ပိုမိုပြီး သဘောတွေ့၏။

ဣန္ဒြေပျက်အောင် ရယ်မောနေပြီးမှ ထပ်မံမေး၏။

"ကိုယုန်၊ ခင်ဗျား တကယ်တော်တယ်ဗျာ၊ ပညာရှိ ပီသပါပေ

mgyoe.com

mgyoe.com


တယ်၊ နေပါဦး ... တက္ကသိုလ်ကာ ဘယ်ဆရာ့ထံမှာ သည်ပညာတွေ သင်ခဲ့သတုံး"

ယုန်သည် ကုပ်ငြိမ်နေသော အပေါင်းအသင်းများဘက်သို့ လှည့်ကြည့်ပြီးလျှင် မျက်လုံးပျက်သွားသော မြေခွေးကို ညွှန်ပြ၏။

"ကျုပ်ဆရာကတော့ တခြားသူ ဟုတ်ပါရိုးလား၊ ကိုမြေခွေး ပါပဲဗျာ"

ဝ

mgyoe.com

mgyoe.com

## ကျားသား မစားရ၍ တဆူဆူ

လွန်လေပြီးသော ရှေးအခါက တောတစ်တောတွင် ခွေးလင်မယား ရှိကြလေသည်။ ခွေးလင်မယား၏ အသိုက်နှင့် မနီးမဝေးရှိ တောစပ်ကွင်းပြင်တွင်မူ ဆိတ်အုပ်ကြီး စုဖွဲ့နေထိုင်ကြသည်။

ကျားတစ်ကောင်သည်လည်း ဆိတ်အုပ်ကို အမှီပြုလျက် မလှမ်းမကမ်းတွင် နေထိုင်ပေသည်။

ခွေးထီးသည် ဆိတ်အုပ်ကိုကြည့်ကာ 'ဒုက္ခပဲ ဒုက္ခပဲ' ဟု ညည်းတွားလေ့ရှိသည်။ ဆိတ်အုပ်မှာ ကျားစားခံရသဖြင့် တစ်နေ့တခြား အင်အားလျော့ပါးလာနေသည်။ သည်ဆိတ်တွေ ပြောင်တလင်းခါသော နေ့တွင် ကျားသည် ခွေးလင်မယားထံ ဦးလှည့်လာတော့မည် မုချ။

သို့အတွက် ခွေးသည် 'ဒုက္ခပဲ ဒုက္ခပဲ' ဟု ညည်းနေခြင်းဖြစ်၏။

သူသည် လာမည့်ဘေးကို တွေးမြင်သော်လည်း အခြားတစ်ပါးသို့ ပြောင်းရွှေ့ မပြေးနိုင်ပါ။

ခွေးမတွင် ကိုယ်လေးလက်ဝန် ရှိနေရာ နေစေ့လစေ့ပင် ဖြစ်နေခဲ့သောကြောင့်ပါပေတည်း။

ခွေးမမှ ခွေးကလေး လေးကောင် မွေးဖွားလာသည်။

မကြာမီပင် တောစပ်ရှိ ဆိတ်အုပ်ကြီးလည်း ပြုတ်ပြုတ်ပြန်းခဲ့ပြီ။ ကျားသည် အလွယ်တကူ ဆွဲယူရရှိသော ဆိတ်များ ကုန်လျှင်ကုန်ချင်း စားစရာကို အနံ့ခံသည်။ ခွေးငယ်ကလေးတွေနှင့် ခွေးလင်မယား၏အနံ့ကို ရသည်။ နှုတ်ခမ်းမွေးတသသဖြင့် လာရောက်ချောင်းမြောင်းသည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ကျားနံ့ရသည်နှင့် တစ်ပြိုင်နက်တည်း ခွေးထီး တုန်လှုပ်၏။ ထွက်ပြေးမိမည်သို့ ရှိ၏။ ငါ့မှာ တာဝန်တွေ ရှိပါသေးကလားဟု သတိရသဖြင့် သတ္တိကို မွေးရသည်။ သတ္တိနှင့်အတူ သတိနှင့်ယှဉ်သော ပညာသည်လည်း ပေါ်လာ၏။

"ရှင်မရေ၊ တို့ဆီကို မကြာခင် တစ်နေ့နေ့မှာ ကျား လာလိမ့်မယ်"

"အို ဒုက္ခပါပဲ၊ ဘယ်လိုလုပ်မတုံး"

ခွေးမသည် ကြောက်ရွံ့စွာ ပြန်မေးသည်။

"ခုမှတော့ ကလေးတွေကိုချီပြီး ပြေးလည်း ကျားလိုက်လာရင် လွတ်မှာ မဟုတ်ဘူး၊ ဉာဏ်ကို လှာပြီး သုံးရတော့မှာပဲ၊ အရေးဆိုရင် ကြောက်တာဖယ်ထားပြီး သတ္တိရှိပေစေ"

ခွေးထီးသည် ခွေးမနားလည်စေရန် စိတ်ရှည်လက်ရှည် သင်ကြားပြီးနောက် တွင်းဝမှ မခွာဘဲ စောင့်ကြပ်နေသည်။

တဖြည်းဖြည်းနှင့် ညအချိန်သို့ ရောက်လာပြီ။

ကျားသည် ခွေးမိသားစုတည်ရှိရာသို့ ချုံများ၊ အကာအကွယ်ဖြင့် တဖြည်းဖြည်း ချဉ်းကပ်လာသည်။ ခွေးထီးကလည်း ရန်သူလာပြီဟု သိသည်။ ပို၍နီးကပ်လာအောင် စောင့်နေပြီးမှ ...

"အဟမ်း အဟမ်း" ချောင်းဟန့်သံ ပေး၏။

တစ်ခဏအတွင်း၌ ခွေးကလေးတွေ ထအော်တော့သည်။

"ဟဲ့ ကလေးတွေ ငိုလှချည့်လားဟ"

အမှန်မှာ အိပ်နေသော ခွေးကလေးတွေ အနေပျက်အောင် ခွေးမက လုပ်သည့်အတွက် ထအော်ကြခြင်းဖြစ်၏။

"ဆာလို့ လောင်လို့ အော်တာပေါ့"

ခွေးမက ခွေးထီးကြိုတင်သင်ကြားထားသည့်အတိုင်း ဖြေ၏။

"ဆာလို့ ငိုရင် နို့တိုက်ပါတော့လား"

mgyoe.com

 mgyoe.com 

ခွေးထီးက မာန်သောအခါ ခွေးမက ပိုပြီး ကျယ်ကျယ်လောင်လောင် အော်ဟစ်ငေါက်ငမ်းသည်။

"ကလေးတွေ အကျင့်ပါသွားလိမ့်မယ်၊ ကျားသား မကျွေးပါနှင့် ကျုပ်အတန်တန်ပြောခဲ့တာ နားမထောင်ဘဲ ကျားသားကျွေးတော့ အခု နို့တိုက်လို့ မရတော့ဘူး၊ ကျားသားကို တမ်းတမ်းစွဲနေပြီ"

ခွေးထီးကလည်း ခွေးမထက် ကျယ်လောင်သော အသံဖြင့် ပြန်အော်သည်။

"အဲဒါကြောင့် မနေ့ကပဲ ကျားတစ်ကောင် ငါ ကိုက်သတ်ပြီး ပေးထားပါကောဟ"

ခွေးမ၏အသံ ပျော့သွား၏။ သို့သော် ကျယ်လောင်ဆဲရှိသေးသည်။

"ရှင့် ကလေးတွေက ကျားသားဆို ငမ်းငမ်းတက်တာ ရှင်မသိဘူးလား၊ ဒါလောက် ပိန်တဲ့ကျားကို ဘယ်လိုလုပ်ပြီး စားလို့ဝမတုံး၊ သွားပ ၊ ကျားဝဝဖီးဖီးတစ်ကောင် မြန်မြန်ဖမ်းချေပါ"

"ဟို ဆိတ်အုပ်နားက ကျားကတော့ အတော်လေး ဝတာပဲ၊ အေးလေ ... သူ့ပဲ ရှာပြီး ဖမ်းရတော့မှာပဲ"

ခွေးမိသားစုကိုစားရန် ချောင်းမြောင်းနေခဲ့သော ကျားမှာ ခွေးထီး၊ ခွေးမ အချေအတင် ပြောစကတည်းက နောက်သို့ မသိမသာ ဆုတ်၏။

သူတို့၏ စကားထဲတွင် 'ကျားသား' မကြာခဏပါသည်။ ကေန္တ ခွေးရိုးရိုးမဟုတ်၊ ကျားသားစားသည့်ခွေးမျိုးဟု နားလည်သဖြင့်ဖြစ်သည်။

'ကျား ဝဝတစ်ကောင် အမြန်ရှာချေပါ' ပြောသံကြားသောအခါ ကျားသည် သိသိသာသာ နောက်ဆုတ်မိ၏။

'ဟို ဆိတ်အုပ်နားက ကျား' ဟူသည့် ပြောသံကို ကြားသည့်အခါ တွင်ကား 'ငါ့အနံ့ကို ခွေးမရခင် ပြေးမှ' ဟု သဘောပေါက်လျက် ကျားသည် တစ်ချိုးတည်း ထွက်ပြေးလေတော့သတည်း။

mgyoe.com

mgyoe.com

# ကောက်သောအရာများ ချိတ်မိလေ့ရှိသည်

## သမီးမယ်ထွေး ဈေးသင်ဖို့

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာတွင် တံငါသည်လင်မယား ရှိကြ၏။ သူတို့တွင် မယ်ထွေးဟူသည့် သမီးကလေးတစ်ယောက်ရှိရာ မိဘများက အလွန်ချစ်ကြ၏။ မယ်ထွေးကလေးမှာ ရုပ်လည်းလှ၊ စိတ်လည်းလှသဖြင့် တစ်ရွာလုံးက ချစ်ခင်ကြ၏။

သို့ရာတွင် စုန်းမကြီး ဒက်ချီးနှင့် သမီးငါးယောက်ကမူ အလိုလိုနေရင်း မျက်မုန်းကျိုးကာ မုန်းတီးနေကြသည်။

တစ်နေ့သောအခါတွင် တံငါသည်လင်မယားသည် ငါးဖမ်းရန် လှေကလေးဖြင့် မြစ်ကြီးထဲသို့ ထွက်လာခဲ့ကြသည်။

မိန်းမက ပဲ့မှလှော်ပြီး ယောကျ်ားက လှေဦးမှ ကွန်ပစ်ပြီး ငါးဖမ်းသည်။ ကွန်ရုပ်တိုင်း ရုပ်တိုင်း ငါးများပါလာသည်။ မိန်းမကြီးသည် ကွန်ထဲမှ ငါးများကို ကူဖြုတ်ပေးသည်။

"ငါ့သမီး မထွေး ဈေးသင်ဖို့"

တစ်ကောင်ဖြုတ်ပြီး လှေဝမ်းထဲသို့ ပစ်တိုင်း တစ်ခါဆိုသည်။ 'ဈေးသင်' ဆိုသည်မှာ အရောင်းအဝယ်သင်ကြားသည့်အနေဖြင့် သမီးကလေးကိုသာ 'သင်ရောင်း' အရောင်းခိုင်းမည် ဆိုလိုခြင်း ဖြစ်၏။

"အမယ်၊ ငါးဖျင်းသလက်ကလေးပါကလား၊ ငါ့သမီး မထွေး

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဈေးသင်ဖို့"

"ဟဲ့ ပါးစပ် ပိတ်ထားစမ်း၊ မောရတဲ့အထဲ နားညည်းလိုက်တာ"

လင် တံငါကြီး ငေါက်ငမ်းဆဲ၍သာ မယားတံငါ တိတ်ဆိတ်သွား၏။ တစ်အောင့်ခန့်ကြာလျှင် ချစ်လွန်းသော သမီးကလေးအား ဂုဏ်တင်သည့်အသံသည် ပေါ်လာပြန်၏။

"ငါ့သမီး မထွေး ဈေးသင်ဖို့"

"ဟာ တော်တော်လျှာရှည်တဲ့ ပါးစပ်"

လင်တံငါက ချထားသောတက်ဖြင့် ကောက်ရိုက်လိုက်ရာ မယားတံငါမှာ ရေထဲသို့ထိုးကျသွားပြီး ကမ္ဘာလိပ်မကြီး ဖြစ်သွားလေ၏။

လိပ်ကမ္ဘာမကြီး၊ ကမ္ဘာလိပ်မကြီးဟု ခေါ်ခြင်းမှာ ကမ္ဘာကြီးတမျှကြီးမားသော လိပ်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

အချိန်တန်၍ အိမ်ပြန်လာသော ဖအေကို မြင်ရသည်တွင် မယ်ထွေးသည် အမေကို မေး၏။ တံငါကြီးလည်း ရေထဲကျသေပြီဟု တိုတိုဖြေသည်။ သူ့တွင် သနားကြင်နာမှုမရှိသော်လည်း သမီးလေးမှာမူ မအေကို တတပြီး ငိုရှာ၏။ ရက်လည်ဆွမ်းသွတ်ပြီးသည်အထိ မယ်ထွေး အငိုမတိတ်။

တံငါကြီးသည် သမီးကလေး စိတ်ပြေလက်ပျောက် ဖြစ်စေရန် ကစားစရာအဖြစ် ဝါဖတ်လေးတွေ လုပ်ပေးသည်။ သမီးကလေး ပို၍ စိတ်ပြေစေရန် ဝါဖတ်လေးများကို ဇန်းထဲ ထည့်ပေး၏။

"ရွာထဲ လည်ပြီး ရောင်းချေ သမီး၊ တစ်ခု တစ်ပြားနှင့်"

ဝယ်သူရှိမည်မဟုတ်။ ဈေးရောင်းဝါသနာပါသည့် သမီးကလေး ပျော်ရွှင်စေရန်သာ ဖြစ်၏။

"ဟောသည်က ကောက်တီးကောက်ကွေး ဝါဖတ်လေးတော်ရို့"

တစ်လမ်းဝင်တစ်လမ်းထွက် မယ်ထွေး လျှောက်သွားသည်။

mgyoe.com